# သေတမ်းစာများ

## အကြောင်း ပြောကြမယ်

သေတမ်းစာများ၊ စီမံဆောင်ရွက်မည့်သူ၏ လုပ်ငန်းများအကြောင်း လေ့လာရန် သို့မဟုတ် ရက်ချိန်းတစ်ခုရယူရန်အတွက် သင့်အနေဖြင့် -

၁၃၀၀ ၃၆၉ ၀၄၄

www.pt.qld.gov.au

### သေတမ်းစာဆိုသည်မှာ မည်သည်နည်း။

သေတမ်းစာသည် သင်ပိုင်ဆိုင်သောအရာများကို သင် မည်သို့မျှဝေပေးစေလိုကြောင်းအပြင် သင် မည်သူ့ထံ ပေးစေလိုကြောင်းအပါအဝင် သင့်ဆန္ဒများကို ဖော်ပြသည့် ဥပဒေရေးဆိုင်ရာစာရွက်စာတမ်း ဖြစ်ပါသည်။ သင်၏ စီမံဆောင်ရွက်မည့်သူဟုခေါ်သော သင့်သေတမ်းစာပါ ညွှန်ကြားချက်များကို သင် ဆောင်ရွက်စေလိုသောသူများကိုလည်း ခန့်ထားနိုင်ပါသည်။

### သေတမ်းစာ လိုအပ်ပါသလား။

သင်၏သေတမ်းစာကို ရေးသားခြင်း သို့မဟုတ် မွမ်းမံခြင်းဖြင့် သင့်ဆန္ဒများကို သိစေခြင်းသည် သင့်အနေဖြင့် သင့်မိသားစုနှင့် ချစ်ရသူများ၏အနာဂတ်ကို စောင့်ရှောက်ရန်အတွက် လိုအပ်သောအစီအစဉ်များကို ချမှတ်ထာပြီး ဖြစ်ကြောင်း သေချာစေပါသည်။ သင့်တွင် သေတမ်းစာမရှိပါက သင့်ပိုင်ဆိုင်မှုများနှင့် ပစ္စည်းများကို မည်ကဲ့သို့ ပေးဝေလိုကြောင်းကို သင် မပြောနိုင်ပါ။



### သေတမ်းစာမရှိဘဲသေဆုံးပါက ဘာဖြစ်မလဲ။

သေတမ်းစာမရှိဘဲသေဆုံးခြင်းကို သေတမ်းစာမဲ့ကွယ်လွန်ခြင်းဟု ခေါ်သည်။ ကွင်းစလန်းတွင်၊ သင်သည် သေတမ်းစာမဲ့ကွယ်လွန်ပါက၊ သင်၏ပိုင်ဆိုင်မှုများနှင့် ပစ္စည်းများကို (သင့်အိုးအိမ်ဥစ္စာများဟု ခေါ်သည်) *Succession Act 1981*နှင့်အညီ ပေးဝေမည် ဖြစ်ပါသည်။

**ဆိုလိုသည်မှာ-**

- သင့်အိုးအိမ်ဥစ္စာများကို မည်သူ လက်ခံရရှိမည်ဟုဆိုရာတွင် သင့်အနေဖြင့် ပြောပိုင်ခွင့်ရှိမည်မဟုတ်ပါ။
- သင့်အိုးအိမ်ဥစ္စာများကို ပေးဝေရန်အတွက် ကုန်ကျစရိတ်သည် သေတမ်းစာရေးထားခြင်းထက် သိသိသာသာ ပိုများနိုင်သည်။
- သင့်အိုးအိမ်ဥစ္စာများကို ပေးဝေရန် အချိန်ပိုကြာနိုင်သည်။
- သင်သေဆုံးချိန်တွင် သင့်ငွေကြေးကိစ္စများကို စီစဉ်ဆောင်ရွက်ရန် လိုအပ်သောအဆင့်များ ရှိသောကြောင့် သင်ချစ်ရသူများအတွက် ဝမ်းနည်းပူဆွေးဆုံးရှုံးရချိန်တွင် ဝန်ထုပ်ဝန်ပိုး ဖြစ်လာနိုင်သည်။ ဥပမာအားဖြင့်၊ သေတမ်းစာစီစဉ်အတည်ပြုအမိန့် ( သင့်အိုးအိမ်ဥစ္စာများစီမံခန့်ခွဲရန် တစ်စုံတစ်ယောက်ခန့်နိုင်သည် တရားရေးအခွင့်အာဏာ) ကို တရားရုံးချုပ်ထံမှ ရယူရမည် ဖြစ်ပါသည်။

### သေတမ်းစာကို မည်သည့်အချိန်တွင် ပြုလုပ် သို့မဟုတ် မွမ်းမံသင့်ပါသလဲ။

သေတမ်းစာသည် သင့်ဘဝခရီး၏ အစိတ်အပိုင်းတစ်ခု ဖြစ်သင့်သည်။ သင့်ဘဝ ပြောင်းလဲလာသည်နှင့်အမျှ၊ သင်၏သေတမ်းစာသည်လည်း ပြောင်းလဲသင့်ပြီး ထိုအပြောင်းအလဲများကို ထင်ဟပ်စေရန် မွမ်းမံပြင်ဆင်သင့်သည်။

**ဘဝ၏ အရေးကြီးသောအဆင့်များတွင် အောက်ပါတို့ ပါဝင်နိုင်သည်-**

- ☐ သားသမီး သို့မဟုတ် မြေးမွေးခြင်း
- ☐ အိမ်ထောင်ပြုခြင်း၊ ခွဲခွာနေထိုင်ခြင်း သို့မဟုတ် ကွာရှင်းခြင်း
- ☐ အများသိအတူနေထိုင်ခြင်းသို့ စတင်ခြင်း
- ☐ အိမ်ထောင်ဖက်၊ အတူနေသူ သို့မဟုတ် စီမံဆောင်ရွက်မည့်သူသေဆုံးခြင်း
- ☐ အငြိမ်းစားယူခြင်း
- ☐ နေထိုင်မှုပုံစံပြောင်းခြင်း (အခြားပြည်နယ် သို့မဟုတ် နိုင်ငံတစ်ခုသို့ ပြောင်းရွှေ့ခြင်း)
- ☐ သင့်ပိုင်ဆိုင်မှု သို့မဟုတ် ငွေကြေးဆိုင်ရာ သိသာထင်ရှားသော ပြောင်းလဲမှုများ

## သေတမ်းစာရေးသားရာတွင် မည်သည်တို့ကို စဉ်းစားရမလဲ။

သင့်ဆန္ဒများအပေါ် သဘောထားကွဲလွဲမှုဖြစ်နိုင်ချေကို လျှော့ချရန် သင့်ရည်ရွယ်ချက်များကို ရှင်းလင်းစွာဖော်ပြရန် အရေးကြီးပါသည်။

**သင်၏သေတမ်းစာရေးသားရာတွင် ထည့်သွင်းစဉ်းစားရမည့် အရေးကြီးသောအချက်အချို့မှာ-**

- သင်၏စီမံဆောင်ရွက်မည့်သူအဖြစ် သင် ခန့်အပ်လိုသောသူ (သင့်သေတမ်းစာပါညွှန်ကြားချက်များကို ဆောင်ရွက်မည့်သူ)
- အသက် ၁၈နှစ်အောက် ကလေးများကို ပြုစုစောင့်ရှောက်ရန် အုပ်ထိန်းသူအား ခန့်အပ်ခြင်း
- ကလေးများ သို့မဟုတ် ချစ်ရသူအား ပြုစုစောင့်ရှောက်ရန်အတွက် အုပ်ထိန်းသူငွေစာရင်း (Trust Fund) ထားရှိရန် လိုအပ်ချက် ရှိမရှိ
- သင်လက်ဆင့်ကမ်းပေးလိုသော ပစ္စည်း သို့မဟုတ် မိသားစု အမွေအနှစ်များကဲ့သို့သော တန်ဖိုးကြီးပစ္စည်းများ
- သင်၏ပိုင်ဆိုင်မှုများကို အသေးစိတ်ဖော်ပြပြီး ၎င်းတို့ကို ရရှိစေသောလူများကို အမည်စာရင်းပြုစုခြင်း
- ပရဟိတအဖွဲ့ သို့မဟုတ် သင်စိတ်တိုင်းကျအကြောင်းတစ်ခုအတွက် ငွေကြေးပေးအပ်လိုခြင်း ရှိမရှိ
- ရှုပ်ထွေးသောအခြေအနေများ — ဥပမာ ယခင်အိမ်ထောင်ရေး သို့မဟုတ် ကွာရှင်းပြတ်စဲခြင်း၊ ကိုယ်ပိုင်စီမံခန့်ခွဲသော သက်ပြည့်ရန်ပုံငွေများနှင့် အကျိုးခံစားခွင့်ရှိသူများ၏ အထူးလိုအပ်ချက်များ။

## သေတမ်းစာ မည်သို့ပြုလုပ်ရမလဲ။ **သေတမ်းစာရေးသားခြင်းသည် ပြင်ဆင်မှုအချို့ဖြင့် လွယ်ကူနိုင်ပါသည်-**

- အမွေဆက်ခံရေးဥပဒေပညာရှင်/ရှေ့နေနှင့် ရက်ချိန်း ယူပါ။
- စီမံဆောင်ရွက်မည့်သူကို ရွေးချယ်ပါ
- သင့်ပိုင်ဆိုင်မှုများနှင့် အမွေအနှစ်များအားလုံးကို စာရင်းပြုစုပါ
- သင်၏သေတမ်းစာ ရေးသားသောအခါ သင့်တွင် သင့်လျော်သော သက်သေခံအထောက်အထားရှိရန် သေချာပါစေ။ • ယာဉ်မောင်းလိုင်စင် • နိုင်ငံကူးလက်မှတ်• ကွင်းစလန် အရွယ်ရောက်သူ၏အသက်အထောက်အထားကတ်

သင်၏သေတမ်းစာကို ရေးသားပြီးသောအခါ သင် လုပ်ထားသောအစီအစဉ်များနှင့် သင်၏သေတမ်းစာကို မည်သည့်နေရာတွင် ထိန်းသိမ်းထားကြောင်းကို မိသားစုအား ပြောပြပါ။ သင့်သေတမ်းစာကို အိမ်တွင်ဖြစ်စေ သင့်ရှေ့နေထံတွင် ဖြစ်စေ လုံခြုံသောနေရာတွင် ထားရှိရန် လိုအပ်ပါမည်။ သင်သည် ကွင်းစလန် အများသုံးအုပ်ထိန်းရေးအဖွဲ့ (Queensland Public Trustee)ဖြင့် သင်၏သေတမ်းစာကို ပြုလုပ်ပါက၊ ၎င်းကို ခေတ်မီ သေတမ်းစာများသိမ်းဆည်းရာနေရာ (Wills Bunker) တွင် လုံခြုံစွာ သိမ်းဆည်းထားနိုင်ပါသည်။

## စီမံဆောင်ရွက်မည့်သူသည် မည်သူဖြစ်ပါသလဲ။

သင် သေဆုံးပြီးနောက် သင်၏ စီမံဆောင်ရွက်မည့်သူတွင် သင်၏ အိုးအိမ်ဥစ္စာများကို ခွဲဝေပေးရန် တာဝန်ရှိပါသည်။ အလုပ်များစွာ ပါဝင်သည်ဖြစ်သောကြောင့် *Succession Act 1981*ပါ တာဝန်များကို ထမ်းဆောင်နိုင်၊ ထမ်းဆောင်လိုသော အရည်အချင်းရှိသူကို ရွေးချယ်ရန် အရေးကြီးပါသည်။

**၎င်းတို့တွင် အချို့ပါဝင်နိုင်သည်-**

- ကွင်းစလန်တရားရုံးချုပ်မှ သေတမ်းစာစီစဉ်အတည်ပြုအမိန့် ရယူခြင်း
- အကျိုးခံစားခွင့်ရှိသူများကို ရှာဖွေခြင်းနှင့် အကြောင်းကြားခြင်း
- ပိုင်ဆိုင်မှုများအတွက် သင့်လျော်သော အာမခံ အကျုံးဝင်မှု ရှိစေခြင်း
- ကြွေးမြီနှင့် ပေးဆပ်ရန်ရှိသည်များကို သတ်မှတ်ခြင်း
- အခွန်ကိစ္စများ အဆုံးသတ်ခြင်း
- အိုးအိမ်ဥစ္စာများကို ဖြန့်ဝေခြင်း
- အကျိုးခံစားခွင့်ရှိသူများအတွက် ငွေစာရင်းပြုစုခြင်း
- သင့်အိုးအိမ်ဥစ္စာများ မည်သည့်ဥပဒေရေးရာလုပ်ရပ်ကိုမဆို ခုခံကာကွယ်ခြင်း။

## မည်သည့်အတွက် ကျွမ်းကျင်သူကို သုံးသင့်ပါသလဲ။

ဥပဒေကြောင်းအရ တရားဝင်ဖြစ်ရန် သေတမ်းစာကို မှန်ကန်စွာ လက်မှတ်ထိုး၍ သက်သေရှိရမည်။ ကိုယ်တိုင်ရေး သေတမ်းစာအသင့်များ ရှိသော်လည်း၊ သင့်လိုအပ်ချက်နှင့် ကိုက်ညီကြောင်း သေချာစေရန် သင့်သေတမ်းစာကို ကျွမ်းကျင်သူပညာရှင်တစ်ဦးနှင့် ပြုလုပ်ခြင်းက ပိုစိတ်ချရပါသည်။

လူတိုင်းအား ကျွမ်းကျင်အကြံဉာဏ်ရယူရန် အကြံပြုလိုပါသည်၊ သို့မှသာ တစ်ဦးချင်းစီ၏ အခြေအနေများနှင့် ပတ်သက်၍ အသိဉာဏ်ဖြင့် ဆုံးဖြတ်ချက်ချနိုင်ပါသည်။ ၎င်းကို အမွေဆက်ခံရေးဥပဒေဆိုင်ရာအထူးပြု ဒေသဆိုင်ရာရှေ့နေ၊ သို့မဟုတ် ကွင်းစလန်အများသုံးအုပ်ထိန်းရေးအဖွဲ့တို့မှ ဆောင်ရွက်နိုင်သည်။